**မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ မြဝတီရုပ်မြင်သံကြားတို့ တွေ့ဆုံမေးမြန်းသည့် မေးခွန်းနှင့် အဖြေများ**

၁။ မေး လူမှုကွန်ယက်စာမျက်နှာများတွင် ပုဂ္ဂလိကဘဏ်များ၌ ငွေထုတ်ယူမှုများပြားလာကြောင်း၊ ငွေသားထုတ်ယူမှုကိုလည်း ကန့်သတ်နေကြောင်း၊ ပုဂ္ဂလိကဘဏ်များမှ အကန့်အသတ်ဖြင့်သာ ထုတ်ပေးနေကြောင်း၊ ရေးသားဖော်ပြပြောဆိုနေတာကို တွေ့ရပါတယ်။ အဆိုပါအကြောင်းအရာနဲ့ပတ်သက်ပြီး ဗဟိုဘဏ်အနေနဲ့ ပြောပြပေးစေလိုပါတယ်။

ဖြေ ဗဟိုဘဏ်အနေဖြင့် အစိုးရ၏ ဒီဂျစ်တယ်စီးပွားရေးကို အကောင်အထည်ဖော်ရာတွင် ဒီဂျစ်တယ်ငွေပေးချေမှုကို ပိုမိုအလေးပေးအကောင်အထည်ဖော်နေပြီး၊ ငွေသားစီမံခန့်ခွဲမှု အစီအစဉ်များအတိုင်း Digital Platform များ တည်ဆောက်ထားပါတယ်။ ဘဏ်များမှ Payment Platform များ တည်ဆောက်လျက်ရှိပြီး၊ လက်ရှိတွင်လည်း အဆင်ပြေစွာ ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတကာငွေပေးချေမှုတွင်လည်း ဘဏ်များမှတစ်ဆင့်ဆောင်ရွက်နိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ်များအနေဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ငွေသားထုတ်ယူ ခွင့်ပြုနိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ယခင်ကတည်းကအကြိမ်ကြိမ်ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဥပမာ- Special Account ဖြစ်ပါက ငွေသားထည့်သွင်းခဲ့သည့်ပမာဏအတိုင်း ထုတ်ယူခွင့်ပြုထားပါတယ်။ ဒါ့အပြင် ငွေပေးချေမှုများ လျှင်မြန်စွာအဆင်ပြေနိုင်စေရန်အတွက် ဒစ်ဂျစ်တယ် ငွေပေးချေမှုနည်းလမ်းများဖြစ်သည့် Electronic Card များဖြင့်လည်းကောင်း၊ ဘဏ်များ၏ မိုဘိုင်းဘဏ်လုပ်ငန်းနှင့် Mobile Pay များ၊ Internet ဘဏ်လုပ်ငန်းများ၊ Mobile Wallet များအသုံးပြု၍ ငွေလွှဲပြောင်းပေးချေမှု များ ဆောင်ရွက်နိုင်ပါတယ်၊ လက်ရှိတွင်လည်း အဆင်ပြေစွာဆောင်ရွက်နိုင်ရန် စီစဉ်ထား ပါတယ်။ ဒါကြောင့် ငွေပေးချေမှုများနှင့် ငွေကြေးလွှဲပြောင်းခြင်းများအတွက် အကန့်အသတ် မရှိဆောင်ရွက်နိုင်ပြီး၊ စိုးရိမ်ပူပန်မှု မရှိကြပါရန် ပြောကြားလိုပါတယ်။

၂။ မေး လက်ရှိအခြေအနေတွင် ပြည်ဖျက်မီဒီယာများ၏ အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူအများစိုးရိမ်ပူပန်မှုဖြစ်ကာ ဘဏ်များမှ ငွေသားထုတ်ယူနေကြတာ တွေ့ရှိရပါတယ်။ ဗဟိုဘဏ်အနေဖြင့် စီစဉ်ထားရှိမှုကို သိလိုပါတယ်/ ပြောကြားစေလိုပါတယ်။

ဖြေ လက်ရှိအခြေအနေတွင် ပြည်ဖျက်မီဒီယာများ၏ အမျိုးမျိုးသော သွေးထိုးလှုံ့ဆော်ရေးသားမှုများကြောင့် ပြည်သူအများစိုးရိမ်ပူပန်မှုဖြစ်ကာ ဘဏ်များမှ ငွေသားထုတ်ယူနေကြပြီး၊ မသမာသော စီးပွားရေးသမားများမှ ဒေါ်လာဈေး၊ ရွှေဈေး၊ ဟွန်ဒီ ဈေးကစားမှုများကြောင့် ပိုမိုစိုးရိမ်မှုဖြစ်လာပြီး ငွေသားထုတ်ယူကြခြင်း၊ ငွေကြေးမတည်မငြိမ်ဖြစ်ခြင်းမှတစ်ဆင့် ကုန်ဈေးနှုန်းများမတည်ငြိမ်မှုကိုဖြစ်ပေါ်စေကာ ကိုယ်ကျိုးစီးပွားရှာနေကြသည်ကို တွေ့ရှိနေရပါတယ်။ ပြည်ပနိုင်ငံများအသီးသီးတွင် ငွေသားကိုင်တွယ်မှုကို လျှော့ချပြီး၊ လုံခြုံစိတ်ချရသည့် ဒစ်ဂျစ်

တယ် ငွေပေးချေမှုနည်းလမ်းများဖြင့်သာ ပေးချေဆောင်ရွက်လျက်ရှိကြပါသည်။ ငွေသားများကိုင်တွယ်ခြင်းကြောင့် ငွေသားများကို ရေတွက်စစ်ဆေးရပြီး ထိန်းသိမ်းရခြင်းအပြင် ရေ၊ မီး အန္တရာယ်၊ ခိုးသူ၊ လုယက်သူ အန္တရာယ်များ ကြုံတွေ့ရနိုင်ပါတယ်။ ဒါ့အပြင် ငွေသားထုတ်ယူမှုများ၍ မလိုလားအပ်သော ငွေကြေးဖောင်းပွမှုဖြစ်ကာ ကုန်သွယ်မှုမတည် မငြိမ်ဖြစ်ခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းနှင့် ကုန်ဈေးနှုန်း ကစားသူများကြောင့် ပြည်သူအများအနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားနေကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ မသမာမှုများဆောင်ရွက်သူများ၊ ဈေးကစားသူများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက စိစစ်အရေးယူဆောင်ရွက်မှုများလည်း လုပ်ဆောင်လျက်ရှိပါတယ်။

၃။ မေး ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ငွေထုတ်ကန့်သတ်ချက်မထားရှိဘဲ ငွေသားထုတ်ပေးခြင်းများကို ဆောင်ရွက်ထားရှိတယ်လို့ပါရှိပေမယ့် လက်တွေ့သွားရောက် ထုတ်ယူသည့်အခါတွင် အချို့ပုဂ္ဂလိကဘဏ်တွေက ကန့်သတ်ချက်ဖြင့် ထုတ်ပေးနေလို့ ဒီအပေါ်မှာ ပိုပြီးရှင်းလင်းအောင် ပြောကြားပေးစေလိုပါတယ်။

ဖြေ ဒီမေးခွန်းနဲ့ပတ်သက်လို့ အရှေ့မှာလဲ ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အများပြည်သူများအနေဖြင့် မိမိအပ်နှံထားသော အပ်နှံငွေအမျိုးအစားပေါ်မူတည်ပြီး ငွေထုတ်ယူရာမှာ ကွဲပြားမှုများရှိနိုင်ပါတယ်။ Special Account ဆိုပါက မိမိငွေသားထည့်သွင်းခဲ့သည့်ပမာဏအတိုင်း ငွေသားထုတ်ယူနိုင်ပါတယ်။ ငွေစုဘဏ်စာရင်း Saving Account ဆိုပါက (၁) ပတ် (၁) ကြိမ် ငွေထုတ်ယူနိုင်ပါတယ်။ စာရင်းသေအပ်ငွေ Fix Deposit ဆိုပါက သက်တမ်းပြည့်သည့် အချိန်မှသာ ငွေထုတ်ယူနိုင်မှာဖြစ်ပါတယ်။ Saving Account အပါအဝင် အပ်ငွေစာရင်းအဟောင်းများနှင့်ပတ်သက်၍ ဘဏ်များမှငွေထုတ်ယူရာတွင် ၂၀၂၂ ခုနှစ်၊ ဧပြီလက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ခဲ့သော ငွေသားစီမံခန့်ခွဲမှုအဆင်ပြေစေရေး သတ်မှတ်ချက်ပါအတိုင်း ငွေသားထုတ်ယူမှုအပြင် ပြည်သူများအနေဖြင့် ဒီဂျစ်တယ်နည်းလမ်းများဖြစ်သည့် Mobile ဘဏ်လုပ်ငန်း၊ Internet ဘဏ်လုပ်ငန်း၊ Account Transfer များဖြင့် ဘဏ်ဝန်ဆောင်မှုများအား အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါတယ်။ အထူးထပ်မံပြောကြားလိုတာကတော့ ပြည်သူများအနေဖြင့် Digital နည်းလမ်းများကို အသုံးပြု၍ ငွေကြေးလွှဲပြောင်းမှုများ၊ သုံးစွဲမှုများကို ပိုမိုတိုးတက်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

၄။ မေး ဗဟိုဘဏ်အနေဖြင့် ဘဏ်များအပေါ် ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်များကို ဖြည့်စွက် ပြောကြားပေးစေလိုပါတယ်။

ဖြေ ဗဟိုဘဏ်အနေဖြင့် ဘဏ်များ၏လိုအပ်ချက်ငွေသားများကို လုံလောက်စွာဖြည့်ဆည်း ထုတ်ပေးလျက်ရှိပါတယ်။ ဘဏ်များအနေဖြင့်လည်း လာရောက်ထုတ်ယူသူများကို ဘဏ်တွင် သိုလှောင်နိုင်သည့် ငွေသားပမာဏအတွင်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထုတ်ပေးလျက်ရှိနေပါတယ်။ ယခင်အတွေ့အကြုံများအရ ကောလဟာလများကြောင့် ပြည်သူများက ဘဏ်များမှ ငွေများစုပုံထုတ်ယူခြင်းအား ဗဟိုဘဏ်က ကောင်းမွန်စွာ စီမံထိန်းကျောင်းနိုင်ခဲ့ပြီး၊ ဘဏ်များ၏ ဝန်ဆောင်မှုများ အဆင်ပြေစွာလည်ပတ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နေ့စဉ်အချိန်နှင့်အမျှ ဘဏ်များ၏ ငွေသွင်း/ ငွေထုတ်အပ်နှံငွေ အခြေအနေများကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူများအနေဖြင့် ကောလဟာလအပေါ် နားယောင်နေရန်၊ စိုးရိမ်ပူပန်နေရန် မလိုအပ်ဘဲ ယုံကြည်စွာဖြင့် အများပြည်သူအကျိုးကိုကြည့်၍ ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားလိုပါတယ်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**(၁၀-၀၇-၂၀၂၄)**